**ပဲခူးတိုင်းဒေသကြီး သယံဇာတ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့်**
**စည်ပင်သာယာရေးဝန်ကြီးဌာန**
**ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့**
**ပြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့**
**အိတ်ဖွင့်တင်ဒါ ကြော်ငြာစာအမှတ် ( ၄၁ /၂၀၁၉)**
**၁၃၈၁ ပြည့်နှစ်၊ ဝါခေါင်လပြည့်ကျော် ( ၅ )ရက်**
**၂၀၁၉ ခုနှစ်၊ ဩဂုတ်လ (၂၀ ) ရက်**

၁။ ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ ပြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ပြည်မြို့နယ် စနစ်တကျ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ခေတ္တရာပန်းရွှေပြည် ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ ပြည်မြို့ မြို့မဈေး၊ မြို့သစ်ဈေး၊ အောင်မင်္ဂလာဈေးနှင့် ခေတ္တရာဧရာပန်းခြံတို့တွင် ခေတ်နှင့်လိုက်လျောညီထွေရှိသည့် အနံ့အသက်ကင်းပြီး သန့်ရှင်းသပ်ရပ်သော အဆင့်မြင့် အများသုံး သန့်စင်ခန်းများအား B.O.T စနစ်ဖြင့် တည်ဆောက်၍ ၂၀၁၉-၂၀၂၀ ခု ဘဏ္ဍာရေးနှစ် လေလံကြမ်းခင်းဈေးအတိုင်း နှစ်စဉ်(၁၀%)တိုးမြှင့်ပြီး ၂၀၁၉-၂၀၂၀ ခု ဘဏ္ဍာရေးနှစ်မှ ၂၀၂၃-၂၀၂၄ ခု ဘဏ္ဍာရေးနှစ်အထိ (၅)နှစ်ဆက်တိုက် ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာသဖြင့် ၄င်းလုပ်ငန်းများအား B.O.T စနစ်ဖြင့် ဆောင်ရွက်လိုသည့် လုပ်ကိုင်ခွင့်လိုင်စင်ရရှိထားသော မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား မြန်မာကျပ်ငွေဖြင့် အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်တင်ဒါ (Open Tender) တင်သွင်းနိုင်ကြောင်း ကြော်ငြာအပ်ပါသည်-

(က) တင်ဒါအဆိုပြုလျှောက်လွှာရောင်းချမည့်ရက် - ၅.၉.၂၀၁၉ ရက် (ကြာသပတေးနေ့) (၁၀:၀၀)နာရီ

(ခ) တင်ဒါအဆိုပြုလျှောက်လွှာပိတ်မည့်ရက် - ၁၂.၉.၂၀၁၉ ရက် (ကြာသပတေးနေ့) (၁၆:၀၀)နာရီ

(ဂ) အိတ်ဖွင့်တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက် - ၁၂.၉.၂၀၁၉ ရက် (ကြာသပတေးနေ့) (၁၆:၀၀)နာရီ

(ဃ) တင်ဒါဖွင့်လှစ်မည့်ရက်၊ နေရာ - ၁၃.၉.၂၀၁၉ ရက် (သောကြာနေ့ ) (၁၀:၀၀)နာရီ
မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ပြည်မြို့

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ပြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတွင် (၅.၉.၂၀၁၉)ရက်နေ့မှ (၁၂.၉.၂၀၁၉)ရက်နေ့အထိ ရုံးချိန်အတွင်း လာရောက်ဝယ်ယူ တင်သွင်းနိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

အမှုဆောင်အရာရှိ
(သူရမြင့်သူ၊ ဒုတိယညွှန်ကြားရေးမှူး)

စာအမှတ်၊ ၁၉၆၅ / ဃ - ၉ / ပြည်(၀၀၁)
ရက် စွဲ၊ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်
tener(3)3

ဖြန့်ဝေခြင်း

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကြော်ငြာသင်ပုန်း
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကြော်ငြာသင်ပုန်း
ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ................................. ရပ်ကွက်၊ ကြော်ငြာသင်ပုန်း
ပြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၊ ကြော်ငြာသင်ပုန်း
မိတ္တူကို

ညွှန်ကြားရေးမှူး၊ ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့၊ ပဲခူးမြို့
ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်မြို့
မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်မြို့
ဥက္ကဋ္ဌ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ ပြည်မြို့
အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ ပြည်မြို့
ရုံးလက်ခံစာတွဲ
မျှောစာတွဲ

၂၀၁၉-၂၀၂၀ခု ဘဏ္ဍာရေးနှစ်တွင် အဖွဲ့ပိုင် မြို့မဈေးကြီး၊ မြို့သစ်ဈေး၊ အောင်မင်္ဂလာဈေး၊ ခေတ္တရာရောပန်းခြံတို့တွင် B.O.T စနစ်ဖြင့် Public Toilets များတည်ဆောက်၍ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရန်တင်သွင်းရာတွင် အောက်ပါအချက်များအတိုင်း ဆောင်ရွက်ရမည်

၁။ Public Toilets များတည်ဆောက်မည့်နေရာ၊ ဆောက်လုပ်မည့်အစီအစဉ်နှင့် ကောက်ခံရမည့်နှုန်းထား

(က) မြို့မဈေးကြီး

(၁) မြို့မဈေးကြီးတွင် လက်ရှိအသုံးပြုနေသော အများသုံးအိမ်သာနှင့် ကပ်လျှက် (၂၅'x၁၅') အကျယ်အဝန်းတွင် RC(၂)ထပ်ဆောက်လုပ်၍ အောက်ထပ်တွင် ကြွေပြားခင်း၊ ကြွေပြားကပ် ဗိုလ်ထိုင်(၂)လုံးပါ အမျိုးသမီး(၁၀)ခန်း၊ အပေါ်ထပ်တွင် ကြွေပြားခင်း၊ ကြွေပြားကပ် ဗိုလ်ထိုင် (၂)လုံးပါ အမျိုးသား(၁၀)ခန်း၊ တည်ဆောက်ရမည်ဖြစ်ပြီး ၎င်းနေရာ တည်ဆောက်ပြီးပါက လက်ရှိအသုံးပြုနေသော အများသုံးသန့်စင်ခန်း အား ဖျက်သိမ်း၍ အခန်းသစ်များ ထပ်မံ တည်ဆောက်ရပါမည်။

(၂) ဗိုလ်ထိုင်(၂)ခန်းအား တစ်ခန်းလျှင် (၂၀၀)ကျပ် ကောက်ခံရမည်ဖြစ်ပြီး၊ ရိုးရိုး အခန်းများအား ယခုနှုန်းထားအတိုင်းသာ ပြောင်းလဲခြင်းမရှိဘဲ (၁၀၀)ကျပ်သာ ကောက်ခံရမည် ဖြစ်ပါ သည်။

(ခ) မြို့သစ်ဈေး

(၁) မြို့သစ်ဈေး၏ အနောက်မြောက်ထောင့်နေရာတွင် (၃၆'x၁၇') အကျယ်အဝန်း RC (၁)ထပ်ဆောက်လုပ်၍ ရေချိုးခန်းပါ အိမ်သာ ကြွေပြားခင်း၊ ကြွေပြားကပ် အမျိုးသား(၄)ခန်း၊ အမျိုးသမီး(၄)ခန်း တည်ဆောက်ရမည် ဖြစ်ပါသည်။

(၂) ယခုလက်ရှိနှုန်းထားများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ တစ်ခန်းလျှင် (၁၀၀) ကျပ် ကောက်ခံရမည်ဖြစ်ပါသည်။

(ဂ) အောင်မင်္ဂလာဈေး

(၁) အောင်မင်္ဂလာဈေးရှိ ဈေးသူ/ဈေးသားများနှင့် ညှိနှိုင်း၍ လက်ရှိ အသုံးပြုနေသော အများသုံး သန့်စင်ခန်းအား ဖျက်သိမ်းပြီး ကြွေပြား ခင်း၊ ကြွေပြားကပ် အမျိုးသား(၆)ခန်း၊ အမျိုးသမီး(၆)ခန်းပါ(၃၆'x၁၆') RC(၁)ထပ် အဆောက်အဦးအား တည်ဆောက်ရမည်ဖြစ်ပါသည်။

(၂) ယခုလက်ရှိနှုန်းထားများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ တစ်ခန်းလျှင် (၁၀၀) ကျပ်ကောက်ခံရမည် ဖြစ်ပါသည်။

(ဃ) ခေတ္တရာရောပန်းခြံ

(၁) ခေတ္တရာရောပန်းခြံ၏ တောင်ဘက်တွင် ကြွေပြားခင်း၊ ကြွေပြားကပ် ဗိုလ်ထိုင် (၁)ခန်းစီပါဝင်သော အမျိုးသား(၄)ခန်း၊ အမျိုးသမီး(၄)ခန်းပါ (၄၂' x ၁၂') RC (၁)ထပ်အဆောက်အဦး တည်ဆောက်ရမည်ဖြစ်ပါသည်။

(၂) ယခုလက်ရှိနှုန်းထားများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ တစ်ခန်းလျှင် (၁၀၀)ကျပ် ကောက်ခံရမည်ဖြစ်ပါသည်။

လေလံရယူရမည့် ကာလအပိုင်းအခြား

၂။ ၂၀၁၉-၂၀၂၀ခု ဘဏ္ဍာရေးနှစ်မှ ၂၀၂၃-၂၀၂၄ခု ဘဏ္ဍာရေးနှစ်အထိ (၅)နှစ် တစ်ဆက်တစပ်တည်း တိုက်ရိုက်ရယူနိုင်ရမည်။

လေလံဈေးနှုန်း

၃။ အများသုံးသန့်စင်ခန်း ဝန်ဆောင်မှုအား ယခုနှုန်းထားများအတိုင်း ကောက်ခံမည့်နှုန်းထားမပြောင်းလဲဘဲ B.O.T စနစ်ဖြင့် ကုမ္ပဏီမှ တည်ဆောက်ရမည်ဖြစ်သည့်အပြင် ၂၀၁၉-၂၀၂၀ လေလံကြမ်းခင်းဈေးအတိုင်း နှစ်စဉ်(၁၀%) တိုးမြှင့်၍ (၅)နှစ်ဆက်တိုက် ဆွဲဝယ်လုပ်ငန်း လုပ်ကိုင်ရမည်ဖြစ်ပါသည်။

သန့်ရှင်းရေးဆောင်ရွက်ရမည့် အစီအစဉ်

၄။ အများသုံးသန့်စင်ခန်းတိုင်းတွင် သန့်ရှင်းရေးဝန်ထမ်း အမျိုးသား(၁)ဦး၊ အမျိုးသမီး (၁)ဦး ခန့်ထားရှိ၍ အနံ့အသက်ဆိုးများကင်းဝေးစေရန် အမြဲသန့်ရှင်းသပ်ရပ်အောင် ဝန်ဆောင်မှု ဆောင်ရွက်ပေးရပါမည်။

အုပ်ချုပ်မှု

၅။ တင်ဒါဆွဲဝယ်ရရှိသည့် အများသုံးသန့်စင်ခန်းတိုင်းတွင် ကြီးကြပ်သူ(၁)ဦးထားရှိ၍ အုပ်ချုပ်ရမည်ဖြစ်ပါသည်။

ပြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့
လက်ရှိအသုံးပြုနေသော အများသုံးအိမ်သာများ၏
ဘဏ္ဍာရေးနှစ်အလိုက် (၁၀%)တိုးပြီးလေလံကြမ်းခင်းဈေးလျာထားချက်

| စဉ် | လိုင်စင်အမည် | ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် | ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် | ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ် | ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် | ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁ | မြို့မဈေးကြီးအိမ်သာ | ၃၉၇.၁၀ | ၄၃၆.၈၁ | ၄၈၀.၄၉ | ၅၂၈.၅၄ | ၅၈၁.၃၉ | |
| ၂ | မြို့သစ်ဈေးအိမ်သာ | ၁၄.၃၀ | ၁၅.၇၃ | ၁၇.၃၀ | ၁၉.၀၃ | ၂၀.၉၄ | |
| ၃ | အောင်မင်္ဂလာဈေးအိမ်သာ | ၂၅.၃၀ | ၂၇.၈၃ | ၃၀.၆၁ | ၃၃.၆၇ | ၃၇.၀၄ | |
| ၄ | ခေတ္တရာရောပန်းခြံအိမ်သာ | ၇.၁၅ | ၇.၈၆၅ | ၈.၆၅ | ၉.၅၁ | ၁၀.၄၇ | |
| | ပေါင်း | ၄၄၃.၈၅ | ၄၈၈.၂၄ | ၅၃၇.၀၅ | ၅၉၀.၇၅ | ၆၄၉.၈၄ | |